
mgyoe.com

စတိတ်ကုန်းချိချိအနုပညာ

# မောင်သော်က


## စင်ပေါ်မှာ
## စင်နောက်မှာ



နောက်တစ်ခုက ဘောင်ပါ။ ဘောင်ကတော့ ဘယ်သူကမှ
သတ်မှတ်ပေးတာရယ်လို့ ရှိတာ မဟုတ်ပါဘူး။ ဟောပြောသူက
သူ့အသိနဲ့သူ ဘောင်ခတ်ပြီး ပြောရတာပါ။ မူရင်းကတော့
မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက ချမှတ်ထားတဲ့ စာပေမူဝါဒဘောင်ပေါ့။
ဒီဘောင်ကို ကျော်ပြီး ဟောပြောလို့တော့ မဖြစ်ဘူး။ ဘောင်က
ကျဉ်းလွန်းနေပြန်လျှင်လည်း မလှုပ်သာမရှားသာနဲ့ ဟောပြောရတာ
အိုက်စပ်စပ် နိုင်လှပါတယ်။ ဘောင်တော့ တမင်တကာ မကျော်ချင်ပါဘူး။
ဒါပေမဲ့ ဘောင်ပေါ်မှာ လူးချင် လူးမယ်ပေါ့ဗျာ။ ဘောင်လူးမှလည်း
မြူးတော့မပေါ့။ စာရေးဆရာဟာ ဇာဂနာလောက် ဘောင်ချဲ့လို့တော့
ရချင်မှ ရမယ်ပေါ့။ ဇာဂနာက လိုင်စင်ရ ဘောင်ချဲ့ဝိဇ္ဇာပေပဲ။
ဟောပြောတယ်ဆိုတာ ဘွာခတ်လို့လည်း မရဘူးဗျ။ ဂိုက်ဆိုက်ဆိုလို့လည်း
မရဘူးဗျာ။ ခက်တာက ပါးစပ်ဆိုတာ ဘရိတ်မပါဘူး။ အာတွေ့လျှင်
တွေ့သလောက် မရည်ရွယ်ဘဲ ထွက်သွားတာ ရှိတယ်။
ပြောပြီးမှ အင်း ငါတော့ နည်းနည်းများသွားပြီ ဆိုတာ သိလိုက်ပါရဲ့။
ဒါပေမဲ့ ဘာမျှ မတတ်နိုင်တော့ဘူး။ ပြောတာက ပြောခဲ့ပြီးပြီကို။
ထုပ်ဆီးတိုးတဲ့အခါမှာ အတိုးလွန်သွားလို့ စည်းပူလောင်သွားသလိုပေါ့ဗျာ။
အဲဒါ စာရေးဆရာ စည်းပူလောင်လျှင်လည်း နည်းနည်းပါးပါးတော့
သည်းခံကြပါလို့ စာရေးဆရာအားလုံးကိုယ်စား ကြိုတင် တောင်းပန်ပါတယ်။
မောင်သော်ကတို့ကတော့ သိပ်သတိထားတယ်၊ ဘယ်တော့မှ
ဘောင်မကျော်စေရဘူး။ ဘောင်ပေါ်မှာတော့ လူးတယ်၊ လှိမ့်တယ်။

# မောင်သော်က

## စင်ပေါ်မှာစင်နောက်မှာ



ISBN9789997117656
NF84
9 789997 117656
1,000.00KS

moyoe.com

mgyoe.com

စင်ပေါ်မှာ စင်နောက်မှာ၊ မောင်သော်က
မျက်နှာဖုံးဒီဇိုင်း - pexels image
စာမျက်နှာ ၇၀ မျက်နှာ၊ ၁၀ စင်တီ× ၁၆·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊
၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊
၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

နှစ် ၂၀ ပြည့် အမှတ်တရစာမွန်

# စင်ပေါ်မှာ စင်နောက်မှာ

(၁၉၈၈၊ မြန်မာပြည် စာပေဟောပြောပွဲရှုခင်းများ
အမှတ်ရဖွယ် မဂ္ဂဇင်းအခန်းဆက်ဆောင်းပါးရှည်)

## မောင်သော်က

ပထမအကြိမ်၊ ၂၀၀၉

mgyoe.com

ကွယ်လွန်သူ စာရေးဆရာကြီး မောင်သော်က ရေးသားခဲ့သော ၁၉၈၈ ဝန်းကျင် စာပေဟောပြောပွဲများ အကြောင်း အတွေ့အကြုံဆောင်းပါး ဖြစ်ပါသည်။ စာရေးလက်ထက်မြက်သွက်လက်သော ဆရာကြီး မောင်သော်က၏ လက်ရာကို ဖတ်ရှုရမည့်အပြင် အဆိုပါ ခေတ်ကာလ နောက်ခံ စာပေသမိုင်းနှင့် စာပေဟောပြောပွဲ ယဉ်ကျေးမှုအတွက်လည်း လေ့လာဖွယ် ဆောင်းပါးရှည်အဖြစ် ရွေးချယ်တင်ဆက်ပါသည်။

mgyoe.com

mgyoe.com

# မြန်မာပြည် စာပေဟောပြောပွဲများ ရှုခင်း

နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့ရယ်လို့ မြန်မာပြည်မှာ သတ်မှတ်ကြတယ်။ ဝိသေသထူးတဲ့ ရက်တစ်ရက်ပါ။ အစကတော့ တစ်ရက်တည်းသာပဲ ကျင်းပလေ့ ရှိကြပါတယ်။ နောက်တော့ တစ်ပတ်။ နောက်တစ်ပတ်တည်းနဲ့ အားမရလို့ နတ်တော်လ တစ်လလုံး။ ခုတော့ဗျာ နတ်တော်လကို ကျော်လွှားပြီး ပြာသိုလည်း မရပ်၊ တပို့တွဲလ မနားနဲ့၊ စာပေ ဟောပြောပွဲတွေ အနယ်နယ်အရပ်ရပ် မြို့ရွာဒေသရပ်ကွက်နဲ့ လမ်းစေ့လိုလို ကျင်းပနေကြတယ်။ သိပ်ကောင်းတဲ့ အလားအလာပါ။ လူတွေ စာပေဟောပြောပွဲ နား ထောင်လာတတ်ပြီပေါ့။ စာရေးဆရာတွေလည်း ဝဖြိုး လို့ ဗိုက်ကို ခွေးနမ်းသည်ထိ စားရဝါးရပြီပေါ့။ စာရေး

mgyoe.com

mgyoe.com


ဆရာကတော်ကြီးများလည်း လင်တော်မောင် စာရေးဆရာ နယ်ကအပြန်မှာ သယ်လာတဲ့ လက်ဆောင်ပစ္စည်းတွေ ကြည့်ပြီး ပျော်တပြုံးပြုံး မော်မဆုံး ရှိနေကြပြီ။ သူ့လင်စာရေးဆရာကြီးကို တစ်နှစ်မှာ ဆယ်လလောက် အထင်မကြီးခဲ့ပေမဲ့ နတ်တော်၊ ပြာသိုလများမှာဆိုလျှင် ပိုလို့ပင် အချစ်တိုးနေကြပါတယ်။

စာပေဟောပြောပွဲ လာဖိတ်တယ်ဆိုရင် ဘယ်အရပ်မှာလဲ၊ ဘယ်လောက် ဝေးသလဲ မေးမနေနဲ့။ ဘယ်ရက် ထွက်ရမှာလဲလို့ သွက်သွက်လက်လက် မေးလာကြပြီ။ ဒီအထဲမှာ မောင်သော်ကလည်း နည်းနည်းလောက်တော့ ပါချင်တယ်။ သိပ်အများကြီး မဟုတ်တောင်မှ နတ်တော် ပြာသိုခွာညိုသင်းပြီ ဆိုလျှင်ဖြင့် အိမ်မှာ ထိုင်နေရတာ ပျင်းတယ်။

နယ်ကလူများ စာပေဟောပြောပွဲ ဖိတ်ဖို့အတွက် ကြက်ကြောက်အိတ်တွေ လက်ကဆွဲလို့ ဝင်လာပြီဆိုမှဖြင့် သွားကြီးကို ဖြီးထားရတယ်။ ကတော်ကြီးကလည်း မျက်နှာကို သူ့အထင်ကရ အလှပဆုံး ပြုံးထားပြီး အဘိယာစက စကားဆိုလေ့ ရှိပါတယ်။ ခါတိုင်း ခပ်စူစူအောင့်အောင့်၊ ခပ်သိုးသိုးထားတတ်တဲ့ မျက်နှာပေါက်ဆိုးကို ဘယ်ချောင်ထိုးထားသလဲ မသိတော့ပါဘူး။

mgyoe.com

mgyoe.com


တစ်နှစ်ဆီကပေါ့။ နတ်မောက်တဲ့။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဇာတိမြေက ဖိတ်ကြားလာတယ်။ မောင်သော်ကလည်း နတ်မောက်ဆိုတာ သမိုင်းစာအုပ်ထဲမှာပဲ ဖတ်ဖူးတာ၊ ဘယ်နားမှာ ရှိတယ် ဆိုတာ အတိအကျ မသိပါဘူး။ အထက်အညာ မြေလတ်ဒေသမှာ ရှိတယ် ဆိုတာလောက်ပဲ ပထဝီ ဗဟုသုတရှိတာ။

ကောင်းပါပြီ။ အားပါတယ်။ လိုက်တာပေါ့လေ၊ လွယ်လွယ်ပဲ အဖြေပေးလိုက်တယ်။ ပြောပုံကိုကြည့်တော့ နတ်မောက်ဆိုတာ မီးရထားလမ်းဆားတွင်ပဲ။ ကပ်နေတာပဲ။ ကျောက်ပန်းတောင်းရထား စီးရမယ်တဲ့။ မီးရထားပြောင်းဖို့ မလိုဘူးဆိုပဲ။ ဟန်ကျတာပေါ့။ အသက်က ကြီးတော့ ခရီးများ ကြမ်းသလားစိုးရိမ်မိသဗျာ။ အဟက် အဟက် အဟက်။

ဒါထက် အတူ သွားဟောပြောကြမယ့် စာရေးဆရာတွေက ဘယ်သူတွေလဲဗျာ။ ကိုးယောက်၊ များလှချေလား။ ဘာလဲ စာရေးဆရာတွေကို ယိမ်းကခိုင်းမလို့လား။ အမျိုးသမီး စာရေးဆရာမ နှစ်ယောက်။ စိန်ခင်မောင်ရီနဲ့ စတီရီယို ဘိုးအေကြီးလည်း ပါသေးတယ်ဆိုတော့ အဘိုးကြီးက နှစ်ယောက်၊ လူငယ်စာရေးဆရာက မောင်သာပြည့်ရယ်၊ မောင်သော်က

mgyoe.com

mgyoe.com


ရယ် အဟက် အဟက် အဟက်။ အို... များလှချည် လား။ ရွှေတည်စံကြီးကော လိုက်ဦးမှာတဲ့လား။ တက္ကသိုလ်စိန်တင်လည်း ပါမယ် ဆိုတော့ လွန်တာ ပေါ့။ အားလုံးကတော့ ဖွန်ဂျာဝိုင်းချည်းပဲ။ နွမ်ဂျာသိုင်း မပါတာပဲ ရှိတယ်။

စိတ်မပူပါနဲ့၊ လူငယ်တွေက ရိုးရိုးတန်းတွဲ စီး ပေမဲ့ ဆရာကြီးတို့လို သက်ကြီး လူမမာတစ်ပိုင်း စာရေးဆရာတွေအတွက် 'အပ်ပါးကလပ်(စ်)' က စီစဉ် ပေးပါမယ်တဲ့။ နိပ်ဟ၊ ဒါကြောင့် နတ်မောက်သားတွေ မဆိုးပါဘူးလို့ အပြောသားနဲ့။ တကယ်တမ်း လက် မှတ် ဝယ်ကြည့်တော့ အထက်တန်းက နှစ်စောင်ပဲ ရ ပါတယ်။ နှစ်ယောက်အိပ်စင်။ စိန်ခင်မောင်ရီနဲ့ ဦးသော်ကအတွက်ပါတဲ့။ ဖြစ်ချင်တော့လည်း ဒီနေ့မှာ မောင်သော်ကဟာ ဦးသော်က ဖြစ်သွားပြန်ပြီ။ အေး ကွယ်၊ သာဓု သာဓု။ နတ်မောက်သားတွေ ကြီးပွားကြ ပါစေပေါ့။ အဟမ်း အဟမ်း အဟမ်း၊ ထွိန်။ ရုတ် တရက် အသက်ကြီးချင်ယောင်ဆောင်လိုက်ရသဗျ။ လူကတော့ ငယ်ပါသေးတယ်။

ဒါနဲ့ မီးရထားနဲ့ ခရီးသွားဖြစ်ခဲ့ကြတယ်။ တခြားလူတွေက ရိုးရိုးတန်းမှာ တစ်စု၊ စိန်ခင်မောင်ရီနဲ့ ကျွန်တော်က အထက်တန်းတွဲ ထိုင် ၄၊ အိပ် ၂ မှာ

mgyoe.com

mgyoe.com


စမတ်ကျကျ၊ အခန်းထဲ ရောက်တာနဲ့ ဒုက္ခတွေ့ရတော့တယ်။ ပြတင်းတံခါးက ဖွင့်မရဘူးဗျ။ ကျပ်နေတယ်။ ကျွန်တော်တို့ ဘယ်လို ကြိုးစားပေမဲ့ မရလို့ အတွင်းမှာ ပိတ်လှောင်နေတော့တာပါပဲ။ အဲဒီမှာ ဝတ်စုံပြာနဲ့ အလုပ်သမားကြီး တစ်ဦး ရောက်လာပြီး သူ ဖွင့်ပေးပါရစေလို့ ပြောတယ်။ သူလည်း အတော် ကြိုးစားဖွင့်မှ တံခါးပွင့်သွားလို့ သက်သာရာရတော့တယ်။ တော်ပါပေတယ် ရထားတွဲစောင့်ကြီးရယ်ပေါ့။

နောက်ပြီး ရထားထိုင်ခုံတွေကလည်း ဖုန်ချည်းပဲ။ ရထားတွဲစောင့်ကြီးက ဘယ်က သွားရှာလာသလဲ မသိပါဘူး၊ အဝတ်ပိုင်းတစ်စ သွားယူလာပြီး ဖုန်တွေကို သုတ်ပေးလို့သာ သန့်သန့်ရှင်းရှင်း ထိုင်ရတော့တယ်။ တော်ပါပေတယ် ရထားတွဲစောင့်ကြီးရယ်ပေါ့။

ရထားထွက်တော့ ကျွန်တော်တို့က အလုပ်စခန်း စကြတယ်။ ရန်ကုန်က ဝယ်လာတဲ့ ရမ်ပုလင်းက အဖုံးဖွင့်မရပြန်ဘူး။ အဲဒါလည်း ရထားတွဲစောင့်ကြီးက သူ့မှာ အသင့်ပါလာတဲ့ မောင်းချခားနဲ့ လှီးပေးလို့ အဖုံးဖွင့်ရပြီး သောက်ရတော့တယ်။ သောက်မယ်ဆိုပြန်တော့ ခွက်က တစ်ခွက်ပဲ ပါတယ်။ ခွက်လှည့်သောက်နေရတာ ဖိမ်မရှိလှဘူး။ ရထားတွဲစောင့်ကြီးပဲ ဘယ်က ဘယ်က ရယူလာသလား မသိဘူး။ ဖန်ခွက်

mgyoe.com

mgyoe.com

တစ်လုံး ယူလာလို့ ဖိမ်ဆွဲသောက်ရတော့တယ်။ ရထားတွဲစောင့်ကြီး တော်တာတွေတော့ ပြောမကုန်ပါဘူး။

အဲ... သူက ဒိပြင်တွဲစောင့်တွေလို အလုပ်သိပ်ရှိဟန်မတူဘူးဗျ။ ကျွန်တော်တို့နားမှာပဲ ရစ်ဝဲရစ်ဝဲနဲ့နေတယ်။ ခိုင်းချင်ရင် လက်လှမ်းတမီမှာပဲ ရှိနေတယ်။ စာကလေးကြော် ဝယ်ပေးစမ်းပါ။ မြည်းချင်လို့။ ဆီထမင်း ဝယ်ပေးစမ်းပါ။ ကြက်ဥပြုတ် ဝယ်ပေးစမ်းပါ။ ရေပုလင်းမှာ ရေကုန်နေလို့ ရေထပ် ဖြည့်ပေးစမ်းပါဦး။ ကျွန်တော်နဲ့ စိန်ခင်မောင်ရီတို့ အားမနာပါးမနာနဲ့ ခိုင်းလိုက်ကြတာ တွဲစောင့်ကြီးကို ခြေတိုပါရော။

ညကျတော့ သူက ဘယ်သွားအိပ်သလဲ မသိဘူးဗျ။ ကျွန်တော်တို့ တွဲမှာ လုံခြုံမှုရှိမရှိကိုလည်း လာကြည့်ပေးသေးတယ်။ မနက်လင်းတော့ ဆရာတို့သောက်ဖို့ဆိုပြီး လက်ဆွဲ လက်ဖက်ရည်သည် ခေါ်လာပေးတယ်။ ရေနွေးကြမ်း ရှာပေးတယ်။ တကယ်တော်တဲ့ တွဲစောင့်ကြီးပါပဲ။ ရှာမှရှားဆို ရှာမှ ရှားပါပဲ။

နတ်မောက် ရောက်တော့မယ်။ ပစ္စည်းတွေသိမ်းကြ ဆည်းကြတယ်။ နတ်မောက်ဘူတာထဲကို ဝင်တော့မယ်။ တွဲစောင့်ကြီး ဘယ်ပျောက်သွားသလဲ မသိတော့ဘူး။ ကျွန်တော်တို့လည်း သူ့ကို ရှာကြည့်

mgyoe.com

mgyoe.com


မနေနိုင်ဘူး။ ပစ္စည်းတွေကို စစ်ဆေးကြည့်တော့ လားလား၊ တစ်ခုမှ မပျောက်ပါဘူး။ စုံစုံစေ့စေ့ ရှိပါတယ်။

ဟော နတ်မောက်ဘူတာကို ဝင်ပြီ။ ဟာ ဘူတာမှာ အိုးစည် ဒိုးပတ်တွေနဲ့ပါလား။ ပန်းစည်းဆက်ကြမယ့် ကညာပျိုလေးတွေလည်း တွေ့ရတယ်။ ဆိုင်းဘုတ်ကို ထောင်ကိုင်ထားတဲ့ လူတွေလည်း ပါတယ်။ ကင်မရာသမားတွေကလည်း ကင်မရာတွေ တလွယ်လွယ်နဲ့ ကျွန်တော်တို့ ရထားတွဲနောက် ပြေးလိုက်နေကြတယ်။ 'ဟော့... ဟော့ စိန်ခင်မောင်ရီ။ နတ်မောက်ကတော့ အထူးအစီအစဉ်ပဲ ကိုယ့်လူ။ စာရေးဆရာတွေကို အိုးစည်ဗုံမောင်းနဲ့ ကြိုပြီး ပန်းစည်းဆက် ဂုဏ်ပြုဦးတော့မယ် ထင်တယ်။ ဒုက္ခပါပဲ။ စောစောက ဒီလိုမှန်းမသိ၊ ခေါင်းဖြီးမထားလိုက်ရလား။ ကိုရင့် ဆံပင်ကတော့ ဖြီးစရာမှ မရှိတာ အရေးမကြီးပါဘူး"

ဟော... ရထားရပ်ပြီ။ ကြိုဆိုရေး ဆိုင်းဘုတ်ရှေ့မှာ တည့်တည့်ကို ရပ်တာ၊ နက်ပြာရောင် ပိတ်သားမှာ စာတန်းဖြင့် ရေးသားထားတာကတော့ 'နတ်မောက်မြို့၏ တစ်ဦးတည်းသော စံပြလုပ်သားကြီးအား လှိုက်လှဲစွာ ကြိုဆိုပါ၏' တဲ့။ ဟိုက်...။

ကျွန်တော်တို့ ကြည့်နေဆဲမှာပဲ တစ်လမ်းလုံး ကျွန်တော်တို့တစ်တွေ ဖွတ်ဖွတ်ကြေအောင် လက်တို

mgyoe.com

mgyoe.com


လက်တောင်း ခိုင်းလာတဲ့၊ ကျွန်တော်တို့က ရထားတွဲ စောင့်လို့ ထင်ကြတဲ့ ဂုဏ်ပြုခံ စံပြလုပ်သားကြီးဟာ ရထားတွဲပေါ်က မဟာကဏ္ဍေကြီးနဲ့ ဆင်းသွားပါတော့တယ်။ ပန်းကုံး စွပ်ခံတယ်။ ပန်းစည်းကို လက်ခံယူတယ်။ အိုးစည် ဗုံမောင်းတွေ ခြိမ့်ခြိမ့်သဲ တီးကြတယ်။ ဒိုးပတ်အကသမားက ကွေးနေအောင် ကတယ်။ လှပျိုဖြူတွေက တစ်လှည့်စီ ပန်းစည်းဆက်ကြတယ်။ ကင်မရာ မီးတွေက ဝိုးခနဲ ဝင်းခနဲ ပွင့်သွားတယ်။ စံပြလုပ်သားကြီးဟာ ဂုဏ်ပြုခံယူဆဲ၊ ဓာတ်ပုံ အရိုက်ခံဆဲ ကျွန်တော်တို့ဘက်ကို တစ်ချက်လှည့်ပြီး ပြုံးပြနှုတ်ဆက်သွားရှာပါသေးတယ်။ စိန်ခင်မောင်ရီက မချိသွားဖြဲလေးနဲ့ တော်ပါပေတယ် စံပြလုပ်သားကြီးရယ်။

ချယ်ရီ၊ မတ်၊ ၁၉၈၈

❐

mgyoe.com

mgyoe.com

## ဆီးရီး - ၂

စာပေဟောပြောပွဲ စင်မြင့်နဲ့ မောင်သော်ကတို့ တရင်းတနှီး ဖြစ်ခဲ့ကြတာကတော့ ကြာပြီ ခင်ဗျ။ အလေ့အကျင့်ရနေပြီ၊ ကျင့်သားရနေပြီ ဆိုကြပါစို့။ ဒါပေမဲ့ တစ်ခါတလေ မမျှော်လင့်ဘဲ ဟက်တက်ကြီး ကွဲခဲ့ရတဲ့ ပွဲတွေလည်း ရှိပါတယ်။

မောင်သော်က ဟောပြောမှုကို ချစ်စံဝင်း စကားနဲ့ ပြောရလျှင် 'ဒီလို ပြောဟောတတ်အောင် လေ့ကျင့်သင်ကြားပေးတဲ့ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကို ကျေးဇူးတင်ပါတယ်' လို့ ပြောရပါမယ်။

ဖြစ်ပုံက ဒီလိုပါ။ ၁၉၇၂ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆန္ဒခံယူပွဲမှာ ကျွန်တော်ဟာ ပဲခူးတိုင်းမှာ တာဝန်ကျပါတယ်။ အနုပညာရှင်များ ပေါင်းစည်းပြီး

mgyoe.com

mgyoe.com


အဖြူရောင်မဲပုံးမှာ ထည့်ကြဖို့ စည်းရုံးလှုံ့ဆော်တဲ့ပွဲ ပေါ့။ ကျွန်တော်တို့အဖွဲ့မှာ ဂီတလုလင် မောင်ကိုကိုက ခေါင်းဆောင်ဖြစ်ပြီး ရုပ်ရှင်သရုပ်ဆောင်၊ ဒါရိုက်တာ မုတ်ဆိတ်ပါးသိုင်းမွေး မောင်မောင်မြင့်နဲ့ အဆိုတော် များအပြင် ထိပ်ပြောင် မောင်စင်ကြယ်လည်း ပါရှိပါ တယ်။ သူက အတွင်းရေးမှူး၊ အခမ်းအနားမှူးပါ။ ကျွန်တော့် တာဝန်က သမိုင်းကြောင်း ဟောပြောမှုပါ။ တကောင်း အဘိရာဇာကအစ ဆိုရှယ်လစ်ခေတ်အထိ မိနစ် ၄၀ နဲ့ မာရသွန် ဟောရပါတယ်။

ပါတီဌာနချုပ်က ချမှတ်ပေးလိုက်တာက ပဲခူး တိုင်းအတွင်း ၁၅ ရက် ၁၅ ပွဲ အစီအစဉ် ဆွဲပေးလိုက်ပါ တယ်။ ဒီမှာ ကြားပွဲတွေ ဝင်လာတော့ မောင်သော်က တို့အဖွဲ့ဟာ ၁၅ ရက်တာ ကာလအတွင်း ၃၃ ပွဲ ဟော ခဲ့ရပါတယ်။ အဲဒီကတည်းက မောင်သော်က အလေ့ အကျင့်ရပြီး ပရိသတ်ကို မလန့်တော့ဘူးဗျ။ ဒီလောက် လူပေါက်သောက်လာတဲ့ပွဲမျိုး ဟောတတ်လျှင် စာပေ ဝါသနာရှင်လို ပရိသတ်သန့်သန့်ဆို ဘယ်လန့်တော့ မှာလဲ။ ဟောပြောပွဲစင်မြင့်၊ မိုက်ကရိုဖုန်းနဲ့ မောင် သော်ကတို့ဟာ ရေကန်၊ ကြာပွင့်နဲ့ ငါးသတ္တဝါပမာ အထာကျလို့ နေပါတော့တယ်။ အဲ... မောင်သော်က စင်မြင့်နဲ့ ပရိသတ်ကို မလန့်တတ်ပေမဲ့ မောင်သော်က

mgyoe.com

mgyoe.com


လန့်တာကတော့ အတူဟောပြောကြမယ့် စာရေးဆရာပဲဗျ။ ဟောဖော် စာရေးဆရာကြောင့် ကွဲရတဲ့ပွဲကလည်း အတော် များနေပြီပဲ။

ဖြစ်ပုံက ဒီလိုပါ။

၁၉၈၇ ခုနှစ်မှာ မန္တလေး မီးရထား စာဖတ်သင်းက မန္တလေး မီးရထားပွဲမှာ လာပြီး ဟောပြောဖို့ ဖိတ်ကြားတယ်။ အထက်မြန်မာပြည်မှာ မန္တလေး မီးရထား ဟောပြောပွဲနဲ့ အလယ်ပိုင်းမှာ ပျဉ်းမနားမြို့ စာပေဟောပြောပွဲတွေကိုမှ မဟောဖူးသေးလျှင် တန်းမဝင်ဘူးလို့ အဆိုရှိပါတယ်။ တကယ့် ပွဲကြီးပွဲကောင်းတွေပါ။

ဟောတာပေါ့၊ လိုက်တာပေါ့။ ဒီကောင် ဖိုးကျိုင်းတုတ် ဖြစ်သွားတာပေါ့။ အတူ ဟောပြောရမယ့် စာရေးဆရာတွေ ကြည့်လိုက်ပြန်တော့လည်း နာမည်ကြီး အယ်ဒီတာ၊ စာရေးဆရာ တစ်ဦးနဲ့ နာမည်ကြီးရှေ့နေ၊ စာရေးဆရာ တစ်ဦးလည်းပါမယ်တဲ့။ ဟာ... သိပ်ကောင်းတာပေါ့။ သူတို့လည်း ဟောပြောရာမှာ နာမည်ကြီး ပုဂ္ဂိုလ်တွေပဲ။ မောင်သော်က သိပ်ဝမ်းသာသွားတယ်။ ဒါပေမဲ့ မောင်သော်ကမှာ အခြားလက်ခံထားတဲ့ ပွဲတွေက ရှိနေလို့ မန္တလေးကို လိုက်ပါရာမှာ မောင်သော်က တစ်ယောက်တည်း တောင်ငူ

mgyoe.com

mgyoe.com


ဘူတာက ဖြတ်တက်ရပါတယ်။ ပွဲဆက်တွေ များနေတဲ့ မောင်သော်ကဟာ အသံတွေလည်း နာနေပြီ၊ ပင်လည်း ပင်ပန်းလှပြီ။ ဒါပေမဲ့ ဟောရင်းသာ ပျံလွန်တော်မူရမည် ဆိုတဲ့ ထုံး နှလုံးမူပြီး တောင်ငူ ဘူတာကနေ မန္တလေး ရထားပေါ် တက်ခဲ့ရပါတယ်။ ရထားပေါ်မှာ ရှေ့နေ စာရေးဆရာကြီးနဲ့ သူ့တပည့်ရင်းလို့ ပြောတဲ့ အယ်ဒီတာ၊ စာရေးဆရာကြီးတို့ လိုက်ပါလာကြပါတယ်။

မန္တလေးဘူတာမှာ စာပေ ဟောပြောပွဲ ကျင်းပရေး ကော်မတီက ဆင်းကြိုတော့ မောင်သော်က တွေ့တာနဲ့ တစ်ပြိုင်နက် လန့်သွားကြတယ်။ လန့်မယ်ဆိုလန့်စရာပါပဲ။ မောင်သော်ကဟာ လူသာလျှင် ပါလာပြီး အသံပါမလာဘူး ခင်ဗျ။ အသံက ပဲခူး၊ လှည်းကူးနဲ့ ဖြူးပွဲတွေမှာ ပျက်ခဲ့ပြီ။ အသံ အက်နေတယ်။ ပြာလဲ့လဲ့ ခြောက်ကပ်ကပ် ဖြစ်နေတယ်။ နှစ်ကိုယ်ချင်းပြောတာတောင် မနည်း နားထောင်ယူရတယ်။ စာရေးဆရာ ဖိတ်ထားပြီးမှ အသံ ပါမလာတော့ ကော်မတီက လန့်တော့တာပေါ့။ လက်ဟန်ခြေဟန်နဲ့ပဲ စိတ်မပူကြဖို့၊ ညနေကျလျှင် အသံ ပြန်လာမယ့်အကြောင်း လက်ဟန်ခြေဟန်ပြပြီး မီးရထား တည်းခိုရိပ်သာမှာ အနားယူကြပါတယ်။

mgyoe.com

mgyoe.com


ပထမ မောင်သော်က အိပ်ရေးဝအောင် အိပ်လိုက်ပါတယ်။ မအိပ်မီ သံပရာ ညှစ်ထားတဲ့ ချင်းစိမ်းကို တဝစားပြီး ငုံထားရပါတယ်။ အိပ်ရာက ထတော့ ကြက်ဥအစိမ်း နှစ်လုံးကို ဖောက်ပြီး သောက်ရတယ်။ ဟုတ်ပြီ။ အသံအတော် ပြန်ထွက်လာပြီ။ နောက် အသံထွက်စေတဲ့ တရုတ်ဆေးကြီးကို ငုံထားရသေးတယ်။ ရေမိုးချိုးပြီးတော့ မောင်သော်က အသံဟာ မူလ အနေအထားလောက် ပီသ၊ ကြည်မြခြင်း မရှိသေးပေမဲ့လည်း ပြောလို့ဆိုလို့ ရလာပါပြီ။

အဲဒီမှာ စင်ပေါ်တက်ဖို့၊ ဟောပြောဖို့ တွန်းအားအဖြစ် စကော့(ချ) ဝီစကီ ဘလက်လေဘယ် ဝမ်းပက်မှာ ကြက်ဥအကာချည်းသက်သက်နဲ့ ရောမွှေပြီး နှစ်ပက်တိတိ ဖိမ်ဆွဲဖြုတ်ရပါတယ်။ (မှတ်ချက်။ ဒါက ကိုယ် သောက်ချင်တာ ပြောတာပါ။ မန္တလေး မီးရထားကတော့ ရမ်လောက်ပဲ တတ်နိုင်လို့ ရမ်နှစ်ပက်ပဲ သောက်ခဲ့ရပါတယ်။)

အဲဒီမှာ အယ်ဒီတာ စာရေးဆရာကြီးကို ရှာဖွေကြည့်တော့ မတွေ့ဘူးဗျ။ သူ့ဆရာ ရှေ့နေကြီးကို မေးကြည့်ပြန်တော့လည်း မသိဘူးတဲ့ဗျ။ စောစောကတော့ ဒီနားမှာ တွေ့လိုက်တာပဲတဲ့။ ဟ... ဘယ့်နှယ်လဲ၊ သူက အရင်ဦးဆုံး ဟောပြောရမယ့်လူ၊ သူပြီးမှ

mgyoe.com

mgyoe.com


ကျွန်တော်၊ ရှေ့နေကြီးက အဟောအပြောကောင်းတော့ နောက်ဆုံးထားပြီး ဟောဖို့ ကျွန်တော်တို့ ပွဲစီစဉ်ကြ တာ။ ဒီလူ ဘယ်သွားနေပါလိမ့်။ ရှာကြပါဦးပေါ့။

ရှိပါ့ဗျား။ ဘယ်မှ မသွားပါဘူး။ တစ်ဖက်ခန်း ထဲမှာပဲ ရှိပါတယ်။ သူ့ကို လေးစားကြည်ညိုတဲ့ မန္တလေးမြို့ခံ စာရေးဆရာများနဲ့ ရထားပို့ဆောင်ရေး ကော်ပိုရေးရှင်းက လူတွေရယ်၊ ကော်မတီ တချို့ရယ် သူ့ကို သီးခြား ညှော်ခံပြီး ဝိုင်းသောက်နေကြတာကိုး။ တကယ်ဆိုတော့ စာရေးဆရာက ဒါလောက် သောက် မယ်လို့ စိတ်မကူးပါဘူး။ ဒါပေမဲ့ စေတနာ ပိုတဲ့ ကော် မတီဝင်တွေနဲ့ သူ့ကို လေးစားတဲ့ စာရေးဆရာ အသိုင်း အဝန်းက ဝိုင်းတိုက်ကြတာကြောင့် စင်ပေါ်မတက်မိမှာ သူ အတော်ထိနေပြီ ဖြစ်တယ်။ သူ့ဆရာကလည်း သူ့ကို ဘာမျှ မပြောဘူးလား မသိဘူး။

တကယ်တော့ ကျွန်တော်တို့ဟာ ဘယ်သူ့ ဘယ်သူမှ တာဝန်မရှိကြပါဘူး။ ကိုယ်သောက်တတ် လျှင် သောက်၊ သောက်နိုင်သလောက် သောက်၊ ဟော ပြောချိန်မှာ ဣန္ဒြေမပျက်ဘဲ ပွဲလှအောင် ဟောနိုင်ကြ လျှင် ပြီးတာပါပဲ။ ကိုယ့်လစ်မစ်နဲ့ကိုယ် ဆိုတာပေါ့။ ဒါကြောင့်လည်း သူ့ဆရာက မပြောတာ နေမှာပါ။ အယ်ဒီတာကြီးကလည်း သောက်ချင်လှ ဟုတ်မထင်

mgyoe.com

mgyoe.com


ပါဘူး။ ကော်မတီကိုယ်နှိုက်က အလိုက်ကန်းဆိုး မသိတာပါ။ (မှတ်ချက်၊ လုံး၀ မတိုက်ခြင်းသည် ပို၍ အလိုက်ကန်းဆိုး မသိခြင်း ဖြစ်သည်။)

ကျွန်တော်တို့ အရှိန်ယူနေတဲ့ နေရာ၊ ညှော်ခံတဲ့ နေရာက ဟောပြောစင်ရဲ့ နောက်ဘက်မှာ။ ဟောပြောစင် မျက်နှာစာ အပြင်အဆင်ကို မမြင်သာဘူး။ အခမ်းအနားမှူးက အစီအစဉ်တွေ ကြေညာနေပြီ။ အယ်ဒီတာ၊ စာရေးဆရာကြီးကို အ၀တ်အစားလဲဖို့ ကူညီကြရတယ်။ အခမ်းအနားမှူးက သူ့ရဲ့ ကိုယ်ရေးအတ္ထုပ္ပတ္တိကို ဖတ်ကြားနေပြီ။ အယ်ဒီတာ စာရေးဆရာကြီးရဲ့ ဆံပင်ကို သပ်သပ်ရပ်ရပ်ရှိအောင် ကူညီဖြီးသင်ပေးနေကြတယ်။ ဟော အခု အယ်ဒီတာ စာရေးဆရာကြီး ဟောပြောပေးဖို့ စင်ပေါ်ဖိတ်ခေါ်နေပါပြီ။ အယ်ဒီတာ စာရေးဆရာကြီး မနည်း ဟန်ဆောင်ကာ တည့်မတ်အောင် လျှောက်သွားတာကို စင်နောက်ကွယ်မှ ကျွန်တော်တို့ မြင်လိုက်ကြရပါတယ်။ သူ့ရဲ့ ဟောပြောချက်ကို ရင်တမမနဲ့ နားစွင့်နေကြရတယ်။

တော်တော်နဲ့ ဟောပြောသံ ထွက်မလာဘူး။ ဆပ်စပင့် (suspense) တွေ လုပ်နေပြီ ထင်တယ်။ သူ့ကို မမြင်ရတော့ သူ့အမူအရာကို မှန်းဆကြည့်မိတယ်။ ပိတ်ကားပေါ်မှာ သူ့မျက်နှာကိုလည်း မကြာ

mgyoe.com

mgyoe.com


ခဏာဆိုသလို တွေ့နေရတော့ သူ့အိုက်တင် (Acting) ကို မှန်းဆကြည့်လို့ ရတာပေါ့။

"ကျွန်တော်ကတော့ စာရေးဆရာ... ဖြစ်... ဖြစ်ပါတယ်"

ဟိုက် ကွဲပြီလို့ ကျွန်တော် သိရတော့တယ်။ လျှာလေး အာလေးကြီးနဲ့ဗျ။ နောက် သူ ဘာတွေ ဆက်ဟောတယ် ဆိုတာကို ကျွန်တော်လည်း နားမထောင်ဖြစ်တော့ဘူး။ သူ့ဟာသူလည်း ဘာတွေ ဟောနေမှန်း သိပုံ မရပါဘူး။ နောက်ဆုံး နာရီဝက် သာသာ ဟောပြောပြီး စင်ပေါ်က သူ ဆင်းလာပါတယ်။ သွားပြီ။ သွားပြီ။ နောက်ဆက် တက်ရမယ့် မောင်သော်ကမှာ ရင်တထိတ်ထိတ်နဲ့ပေါ့။

မလွှဲမရှောင်သာ မောင်သော်က အလှည့် ရောက်လာတော့ မောင်သော်က စင်ရှေ့ထွက်ပြီး စင်ပေါ်တက်ရတော့တယ်။ ဟိုက် သောက်ကျိုးနည်း ဒုက္ခပါပဲ။ မန္တလေး မီးရထားစင်မြင့် ဆောက်ထားပုံကလည်း ခနော်နီ ခနော်နဲ့ ခင်ဗျ။ အောက်က ခြောက်ငါးမူးပျဉ်တွေ ခင်းထားထင်ရသပ။ ညွတ်ပွဲ၊ ညွတ်ပွဲနဲ့။ အပေါ်က ရွက်ဖျင် ထပ်ခင်းထားတော့ ကြမ်းပေါက်ကိုလည်း မတွေ့ရ၊ ခြေချော်လဲကျသော် ဒုက္ခ။

မောင်သော်ကမှာ ခါးနာ ဝေဒနာကြောင့် နဂိုက

mgyoe.com

mgyoe.com


လမ်းလျှောက်တာ ပုံမမှန်ရတဲ့အထဲ စင်က ညွှတ်နေပြန်တော့ ဘာကိုမျှ မကြည့်နိုင်တော့ဘဲ မိုက်ကရိုဖုန်းတပ်ဆင်ထားတဲ့ စင်ဆီကိုသာ ဂရုပြု လျှောက်သွားရပါတယ်။ ပရိသတ်ကတော့ 'လာပြန်ပြီ၊ ငမူးတစ်ကောင်' လို့ ထင်ကြမှာ အမှန်ပဲဗျ။

ဟောပြောစင်ရောက်လို့ ပွဲခင်းကြည့်လိုက်တော့ လားလား စင်ရဲ့ ယာဘက်မှာ လိမ္မော်သီးတောင်းတွေချထားသလား၊ သုံးဘီးကားတွေ ရပ်ထားသလား အောက်မေ့ရတယ်။ ဝါထိန်လို့။ မန္တလေး မြို့ပေါ်က သံဃာတော်တွေလေ။ လူတွေကလည်း နှစ်ထောင်ကျော် သုံးထောင်နီးပါးရှိမယ် မှန်းရတယ်။ ဒါတောင် အဲဒီညက မန္တလေးမှာ ပေါ်တာဆွဲတယ်လို့ ကောလာဟလ သတင်းတွေ ထွက်နေလို့ လူတွေ အပြင် သိပ်မထွက်ရဲကြတဲ့ ညတဲ့ဗျ။

မောင်သော်ကက ဘာရမလဲ၊ လူပါးပဲ၊ လက်အုပ်ကလေး အသာချီပြီး 'ယနေ့ည မန္တလေးမြို့ပေါ်မှ ကြွရောက်လာကြတဲ့ ဆရာတော် သံဃာတော် အရှင်မြတ်များနဲ့ စာချစ်သူ ပရိသတ်အပေါင်းတို့ ခင်ဗျား' လို့ အစချီလိုက်တယ်။ ဟော ကျသွားပြီ။ အိတ်ထဲက မျက်မှန်။

ဆယ်မိနစ် ဆယ့်ငါးမိနစ်လောက် ဟောတော့

mgyoe.com